MHAA

# Myanmar Health Assistant Association
# Vacancy Announcement
# (VA-031/2025 MHAA-HR)

| | |
|---|---|
| **ရာထူးအမည်** | **Community Mobilizer (လူထုစည်းရုံးရေးမှူး)** |
| **အရေအတွက်** | **၁၀ ဦး** |
| **စီမံချက်အမည်** | IHNW Project (Earthquake Response) |
| **ခန့်ထားမည့်ဒေသ** | **မန္တလေးမြို့၊ မြစ်သားမြို့နယ် နှင့် ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။** |
| **အစီရင်ခံစာတင်ပြရမည့်သူ** | **Project Coordinator (စီမံချက်ညှိနှိုင်းရေးမှူး)** |
| **အဆင့်သတ်မှတ်ချက်** | A2 |
| **လျှောက်လွှာနောက်ဆုံးရက်** | **၉ ရက်နေ့ မေလ၂၀၂၅ ခုနှစ်** |

**မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း (MHAA)** သည် ကျန်းမာရေးမှူးများနှင့် ဖွဲ့စည်းထားပြီး ကျန်းမာရေးဆိုင်ရာမြှင့်တင်ခြင်း၊ ကာကွယ်ခြင်းနှင့် ရောဂါထိန်းချုပ်ခြင်းများမှတဆင့် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများကို လက်လှမ်းမီညီမျှသော အရည်အသွေးရှိသော ပြည်သူ့ကျန်းမာရေးပညာရှင်များ စုစည်းထားသော အမျိုးသားအသင်းအဖွဲ့ ဖြစ်သည်။ **MHAA** သည် ပြည်သူလူထု၏ ယုံကြည်မှုနှင့် နိုင်ငံတကာအသိအမှတ်ပြုမှုကို ရရှိသော စည်းလုံးညီညွတ်သည့် လွတ်လပ်သော အဖွဲ့အစည်းတစ်ခု အဖြစ်ရပ်တည်သော အဖွဲ့အစည်းဖြစ်သည်။ **MHAA** သည် မြန်မာနိုင်ငံရှိ ကျန်းမာရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်သည့် ရပ်ရွာလူထုများ၏ သုခချမ်းသာအတွက် ညှိနှိုင်းခြင်း၊ ထိရောက်ပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများကို ပိုမိုခိုင်မာစေရန်နှင့် တိုးတက်စေရန် အာရုံစိုက်သည်။ **MHAA** သည် လက်ရှိမြန်မာနိုင်ငံ၏ (၉၄)မြို့နယ်ရှိ ရောဂါထိန်းချုပ်ရေး၊ RMNCH, NUTRITION, WASH, HSS နှင့် အရေးပေါ်တုန့်ပြန်မှုများနှင့်အတူ စီမံကိန်းအမျိုးမျိုးကို လုပ်ကိုင်နေပါသည်။ **MHAA** ၏ ရုံးချုပ်သည် ရန်ကုန်တွင်ရှိပြီး ရုံးခွဲများသည် ပြည်နယ်/တိုင်း၊ ခရိုင်/မြို့နယ် အဆင့်အားလုံးတွင် တည်ရှိသည်။ **MHAA** ၏ အဓိကတန်ဖိုးများမှာ - တာဝန်ယူမှု၊ ဂုဏ်သိက္ခာရှိမှု၊ ကိုယ်ကျင့်စာနာစိတ်ရှိမှု၊ လူသားဂုဏ်သိက္ခာအားလေးစားမှု၊ ပရော်ဖက်ရှင်နယ်ဆန်မှုနှင့် ခွဲခြားဆက်ဆံ မှုမရှိခြင်း စသည်တို့ဖြစ်သည်။ **MHAA** အကြောင်းကို ပိုမိုသိရှိလိုပါက www.myanmarhaa.org တွင် ကြည့်ရှုနိုင်ပါသည်။

## လူထုစည်းရုံးရေးမှူး၏ တာဝန်ဝတ္တရားများ

- ❖ စီမံချက်လုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်း၊ သင်တန်းပေးခြင်းများ ပြုလုပ်ရာတွင် ပါဝင်ကူညီ ဆောင်ရွက်ရမည်။
- ❖ စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် လူထုတွေ့ဆုံဆွေးနွေးပွဲများအတွက် စီစဉ်ဆောင်ရွက်ပေးရမည်။
- ❖ ကျေးရွာအသီးသီး၌ အာဟာရစောင့်ရှောက်မှုလုပ်ငန်းများ၊ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံချက်ညှိနှိုင်းရေးမှူးနှင့်အတူ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရမည်။
- ❖ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ အကောင်အထည်ဖော်ဆောင်နေသော စီမံချက်လုပ်ငန်းများတွင် စီမံချက်ဒေသရှိ လူထုအား စည်းရုံးလှုံ့ဆော်ခြင်း၊ ပူးပေါင်းပါဝင်ခြင်း ပိုမိုအားကောင်းလာအောင် လုပ်ဆောင်ရမည်။
- ❖ အာဟာရနှင့် ကျန်းမာရေးမြှင့်တင်ခြင်း၊ ရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန် စေတနာ့ဝန်ထမ်းနှင့်အတူ စီစဉ်ဆောင်ရွက်ပေးရမည်။
- ❖ အခမဲ့ရွေ့လျားဆေးပေးအဖွဲ့ရောက်ရှိလာလျှင် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးရမည်။
- ❖ စေတနာ့ဝန်ထမ်းများ၊ ထိခိုက်လွယ်အိမ်ထောင်စုများနှင့် ပြည်သူလူထုအတွက် အထောက်အပံ့ပစ္စည်းများ ဖြန့်ဝေရာတွင် အချိန်မီရောက်ရှိအောင် စီစဉ်ဆောင်ရွက်ပေးရမည်။
- ❖ လုပ်ငန်းစီစဉ်ဆောင်ရွက်မှုများအား မှတ်တမ်းတင်ခြင်းနှင့် ကြီးကြပ်သူအား စီမံကိန်းအခြေအနေများကို ပုံမှန်အစီရင်ခံတင်ပြရမည်။
- ❖ တာဝန်ကျဒေသရှိ ကျေးရွာများသို့သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခြင်း၊ စာရင်းဇယားများစုဆောင်းခြင်းများကို ပြုလုပ်၍ အထက်အရာရှိအား တင်ပြရမည်။
- ❖ သက်ဆိုင်ရာမြို့နယ်ရှိ ပြည်သူလူထု၏ တုံ့ပြန်ချက်များ၊ အကြံပြုချက်များကို ဂရုတစိုက်နားထောင်ပြီး စေတနာ့ဝန်ထမ်းများ၊ စီမံချက်တာဝန်ခံများနှင့်အတူ ပူးပေါင်းဆွေးနွေးနိုင်ရန် ဆောင်ရွက်ပေးရမည်။
- ❖ အသုံးစရိတ်နှင့် သက်ဆိုင်သော အထောက်အထားပြေစာ၊ ဘောင်ချာ၊ စာရွက်စာတမ်းအားလုံးအပါအဝင် လုပ်ငန်းကြိုတင်ငွေနှင့် အသုံးစရိတ်ငွေစာရင်းရှင်းတမ်းအား မြို့နယ်တာဝန်ခံနှင့် ဘဏ္ဍာရေးအရာရှိထံသို့ သတ်မှတ်ထားသော အချိန်အတွင်း ပြည့်စုံစွာ အချိန်မီ ပေးပို့ရမည်။
- ❖ ကြီးကြပ်သူအဆင့်ဆင့်မှ အခါအားလျော်စွာ ပေးအပ်သောစီမံကိန်းနှင့် ပတ်သက်သည့် လုပ်ငန်းများကိုလည်း လုပ်ဆောင်ရမည်။

## လိုအပ်သော အရည်အချင်းများ

- ❖ အနည်းဆုံးအခြေခံပညာအထက်တန်း(တက္ကသိုလ်ဝင်တန်း)တက်ဖူးသူ (သို့မဟုတ်) လုပ်ငန်း နှင့် ကိုက်ညီသော ပညာအရည်အချင်းရှိသူဖြစ်ရမည်။
- ❖ ကွန်ပျူတာ အခြေခံ တတ်ကျွမ်းသူ ဦးစားပေးမည်။
- ❖ ဒေသ၏ ဘာသာစကား ကျွမ်းကျင်စွာ နားလည် ပြောဆိုနိုင်သူဖြစ်ရမည်။

- ❖ လူထုအား စည်းရုံးလှုံ့ဆော်ခြင်းနှင့် သင်တန်းပေးသည့် အတွေ့အကြုံရှိသူအား ဦးစားပေးမည်။
- ❖ ဆက်ဆံရေးကောင်းမွန်၍ အသင်းအဖွဲ့ဖြင့် လုပ်ဆောင်ချင်သူဖြစ်ရမည်။
- ❖ လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား စိတ်ပါဝင်စားစွာဖြင့် စေတနာထား လုပ်ဆောင်နိုင်သူ ဖြစ်ရမည်။
- ❖ သက်ဆိုင်ရာ စီမံချက်မြို့နယ်မှ လျှောက်ထားသူဒေသခံအား ဦးစားပေးမည်။
- ❖ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

**လျှောက်လွှာညွှန်ကြားချက်များ**

စိတ်ပါဝင်စားသူသည် ကိုယ်ရေးရာဇဝင်နှင့် အလုပ်လျှောက်ထားလွှာကို (Word ဖိုင် သို့မဟုတ် PDF ဖိုင်ဖြစ်စေ) hr.recruitment@myanmarhaa.org သို့ ပေးပို့မည့် ခေါင်းစဉ်အဖြစ် “**Community Mobilizer VA-031/2025 MHAA-HR**” ဟု ရေးသား၍လည်းကောင်း (သို့မဟုတ်) သက်ဆိုင်ရာမြို့နယ် စီမံချက်ရုံးအသီးသီးသို့လည်းကောင်း ပေးပို့လျှောက်ထားနိုင်ပါသည်။ လျှောက်ထားရန်နောက်ဆုံးရက်မှာ **၉ ရက်နေ့ မေလ၂၀၂၅ ခုနှစ်** ဖြစ်သည်။

- **လျှောက်ထားသောနေရာကို မှန်ကန်စွာဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**
- **ရွေးချယ်ခံရသော လျှောက်လွှာရှင်များကိုသာ တွေ့ဆုံမေးမြန်းရန်အတွက် ဆက်သွယ်မည်ဖြစ်သည်။**
- **နောက်ဆုံးပေးပို့ရမည့် နေ့ရက်နှင့် အချိန်ထက် နောက်ကျမှ ရောက်ရှိလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

**“ဤရာထူးအား အရေးပေါ်လိုအပ်နေသည့်အတွက် လျှောက်လွှာနောက်ဆုံးပိတ်ရက်မတိုင်မီ လိုအပ်သည့် အရည်အချင်းနှင့် သင့်လျော်ကိုက်ညီသော လျှောက်လွှာရှင်ကို ရရှိခဲ့ပါက ကျွန်ုပ်တို့အဖွဲ့အစည်းမှ စိစစ်ရွေးချယ်ခြင်းလုပ်ငန်းစဥ်ကို ဆောင်ရွက်မည်ဖြစ်သည်”**

**HR Unit**
**Myanmar Health Assistant Association (MHAA)**
**TB Hospital Road, Aung San, Insein Township, Yangon, Myanmar.**
**Phone: (+95) 9409832273,**
**Email: hr.recruitment@myanmarhaa.org**

**MHAA** သည် တန်းတူညီမျှအခွင့်အရေးရရှိသော အဖွဲ့အစည်းဖြစ်သည်။ လူမျိုး၊ ဘာသာ၊ အသက်၊ ကျား၊မ၊ လိင်စိတ်တိမ်းညွတ်မှု၊ မသန်စွမ်းမှု စသည်တို့ခွဲခြားမှုမရှိဘဲ အရည်အချင်းပြည့်မီသော လျှောက်ထားသူအားလုံးထံမှ လျှောက်လွှာများကို ကျွန်ုပ်တို့မှ ကြိုဆိုပါသည်။ MHAA တွင် လိမ်လည်မှုနှင့် အကျင့်ပျက်ခြစားမှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ နှောင့်ယှက်မှုနှင့် အလွဲသုံးစားပြုမှုကို (လုံး၀) လက်မခံသော အဖွဲ့အစည်းဖြစ်ပြီး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် MHAA ၏ကျင့်၀တ်ဆိုင်ရာ ကတိက၀တ်များကို ၀န်ထမ်းအားလုံးမှ လေးစားလိုက်နာရသော အဖွဲ့အစည်းဖြစ်သည်။